# ခိုင်ဖိဖိရင်

ချစ်နှောင်ကြိုးများ မြဲခိုင်စေ



# အခန်း(၁)

ရေစိုထဘီကလေး ကိုယ်တွင်ကပ်နေသဖြင့် အချိုးအစားပြေပြစ်ကျနသော ပြေ့ ကိုယ်လုံးကလေးမှာ မြင်နေသူအဖို့ အသည်းယားဖွယ်ရာ ရှိနေ၏ ။

ရေစက်ရေပေါက်ကလေးများ တင်နေသည့် ဝင်းဝါနုစိုသော ပြေ့ အသားအရေမှာလည်း ပြစ်မျိုးမှဲ့မထင် သန့်စင် ဝင်းပလွန်းနေပါသည်။

ပြေသည် ပါးစပ်က သီချင်းကလေး တအေးအေးနှင့် မှန်ရှေ့တွင်ရပ်ကာ ချောမူန်နုညက်သော သူ့မျက်နှာကလေးပေါ်က ရေတွေကိုသုတ်နေစဉ်-

" ဟင်.....လေးလေးသောင်း ၊ ဘာ ...ဘာလာလုပ်"

မှန်ချပ်ထဲတွင် သူ့မျက်နှာအပြင် အခြားသောအဆီပြန်နေသည့် မျက်နှာကြီးတစ်ခု ဘွားခနဲ ပေါ်လာသဖြင့် ပြေ့ တုန်လှုပ်ချောက်ချားသွားရသည်။

သူ ကြုံတွေ့ရတော့မည့် အန္တရာယ်ကို ပြေ့ သိလိုက်ပါပြီ။

ပြေ့ အိပ်ခန်းထဲသို့ ဝင်လာသူကတော့ အပြုံးမပျက် ဝင်းလက်နေသော မျက်လုံးကြီးများဖြင့် ပြေ့ကို ကြည့်ရင်း အရှေ့သို့ တိုးလာနေ၏။

" လေးလေး လေးလေးသောင်း၊ ပြေ့ အခန်းထဲက ထွက်ပါ"

မျက်နှာသုတ်ပုဝါကို ကိုယ်တွင် လျှင်မြန်စွာခြုံလိုက်ပြီး အစနှစ်ဖက်

ကို တင်းကြပ်စွာ ဆုပ်ကိုင်ထားရင်း ပြွေက ဝင်လာသူကို နှင်လိုက်သည်။

" ပြေလေးရယ် ၊ လေးလေးသောင်းက ပြေလေး ဆယ်တန်းကို ဂုဏ်ထူးသုံးခုနဲ့ အောင်လို့ ဂုဏ်ပြုချင်လို့ လက်ဆောင်လာပေးတာ ၊ နှင်ထုတ်ရသလားကွာ ၊ ဟော ဒီမှာ ပြွေအတွက် လက်ဆောင်ကလေး ၊ မလှဘူးလားဟင်"

သူ့အင်္ကျီအိတ်ထဲက ကော်ဘူး နီနီကလေးတစ်ဘူးကို ထုတ်ယူပြီး အတွင်းက ဆွဲကြိုးကလေးကို ထုတ်ကာ ဝင်လာသူက ပြွေကိုပြလိုက်ပါသည်။

လှပသော ရွှေဆွဲကြိုးကလေးကို ပြွေ့မျက်စိထဲတွင် ကြိုးကွင်းတစ်ခုလို့သာ မြင်နေလိုက်သည်။

" ယူပါ ပြေလေးရဲ့၊ ဝတ်ကြည့်ပါ ၊ ပြေလေးနဲ့ဆိုရင် သိပ်လိုက်မှာပဲ ၊ ယူပါ ပြေလေးရယ်"

" ပြွေ မယူဘူး၊ ဝတ်လည်းမကြည့်ဘူး၊ လေးလေးသောင်းသာ ပြွေ အခန်းထဲက မြန်မြန်ထွက်ပါ၊ ပြွေတောင်းပန်ပါတယ်၊ ဒေါ်လေးနု ပြန်လာရင် အားလုံးပြဿနာတွေ တက်ကုန်မယ်"

" မိနု ပြန်မလာပါဘူး ပြေလေးရယ်၊ ခုချိန် ကုန်းထိပ်မှာ ထမင်းရောင်းကောင်းတုန်းပဲ ရှိဦးမှာပါ "

သွားစေ့၍ တဟင်းဟင်း ရယ်သံပြုရင်း ပြွေ့အိပ်ခန်းတံခါးကို ဝင်လာသူက ပိတ်လိုက်ပါသည်။

ချောင်ပိတ်မိနေပြီဖြစ်သော ပြွေသည် အရှက်ကို အသက်နှင့်လဲရတော့မည့် အခြေအနေသို့ ရောက်ရှိသွားတော့ပြီ။

ပြေသည် အသက်ထွက်လုအောင် ကြောက်လန့်နေသည့်ကြားက ရှေ့သို့တိုးလာနေသော အန္တရာယ်ကို ကာကွယ်ဖို့ ဦးနှောက်ကို အသုံးချလိုက်သည်။

" ပြေလေးက လိမ္မာပါတယ်၊ ပြေလေးကို လေးလေးသောင်း သိပ်ချစ်တယ်ကွာ၊ ချစ်လွန်းလို့လည်း ဟောဒီဆွဲကြိုးကလေးကို ရအောင်ငွေရှာပြီး ဝယ်လာခဲ့တာပေ့ါ၊ လေးလေးသောင်းကိုယ်တိုင် ပြေ့လေးရဲ့ လည်တိုင်လှလှကလေးမှာ ချိတ်ဆွဲပေးမယ်နော် ၊ နော် ပြေ့လေး"

" အို မလိုချင်ဘူး၊ မလိုချင်ဘူး၊ ဆွဲမပေးနဲ့"

ပြေ့က နောက်သို့ ဆုတ်ဆုတ်သွားလိုက်သည်။

ပြေ့ဆီသို့ အန္တရာယ်ပြုမယ့်သူကလည်း တိုးတိုးလို့ ကပ်လာနေ၏ ။

ပြေနှင့် အနီးဆုံးသို့ သူ ရောက်ရှိလာသည့်အခါတွင်တော့ ပြေသည် စိတ်ကို ဒုံးဒုံးချပြီး -

" ခွပ်...."

" အား...."

ရိုက်သံ .....

ကွဲရှသံ.....

နာကျင်လွန်းစွာဖြင့် အော်လိုက်သံ ။

"ဘုန်း..."

လဲပြိုသွားသံများ ဆင့်ကဲဆင့်ကဲ ထွက်ပေါ်လာတော့သည်။

ဖော့ချွေးတွေပြန်၍ တစ်ကိုယ်လုံးတုန်နေသော ပြေ့လက်ထဲတွင် ရေအပြည့်ပါသော ငှက်ပျောဖူးပုလင်းကြီးက အစတွေ

ထိုးထိုးထောင်ထောင်နှင့် ကွဲနေ၏။

ပြေ့ရှေ့ ကြမ်းပြင်ပေါ်တွင်တော့ ခေါင်းကနီရဲသော သွေးတွေဖြာကျကာ မှောက်နေသူက ငြိမ်သက်နေသည်။

သူ့ဘေးမှာက ဝင်းလက်နေသော ဆွဲကြိုးကလေး -

“ ဟင်း ......ဟင်း”

ပြေ့သည် အသက်ကို ပြင်းစွာရှုရင်း သူ့လက်ထဲက ပုလင်းအပိုင်းကို ပစ်ချကာ တွေ့ရာအဝတ်ကို ကောက်ဝတ်ပြီး ပိုက်ဆံအိတ်ကလေးကို ဆွဲယူကာ နောက်ကြောင်းကို လှည့်မကြည့်တော့ဘဲ အိမ်အပေါ်က ပြေးဆင်းခဲ့မိပါတော့သည်။

အရေးထဲ လမ်းတွင် ပြေ့ကိုပိုးပန်းနေသူ အိမ်နီးချင်း ဆရာဝန်ပေါက်စကလေး ဖေမြတ်စံနှင့် တိုးခဲ့ရသေးသည်။

“ ဘယ်လဲ ပြေ”

“ ဒီနားတင်ပါ”

“ နေပါဦး ပြေရယ်၊ စကားပြောရအောင်လို့”

“ အို.....နောက်မှပြော၊ ပြေ သွားစရာရှိနေလို့”

စကားကို အတင်းဖြတ်ပြီး ပြေ သုတ်ချေတင်ထွက်ခဲ့သည်။

လမ်းထိပ်ရောက်သည့်နှင့် ဆိုက်ကားတစ်စီးဖမ်းတားပြီး ခုံးတံတားကြီးဆီသို့ စီးခဲ့သည်။ ထိုကမှတစ်ဆင့် တည်းကုန်းကားကို စီးလိုက်ပါသည်။

ပြေ့မှာ ပြေးစရာ မြေမရှိပါ။

ပြေ့အတွက် တစ်ခုတည်းသော အားကိုးရမည့်သူသည်

ကျောင်းနေဖက်သူငယ်ချင်း မေသန်း တစ်ဦးတည်းသာလျှင် ရှိပါသည်။

ထို့ကြောင့် မေသန်းရှိရာ တညင်းကုန်းသို့ သူအသည်းအသန် သွား နေခြင်းဖြစ်သည်။

မျှော်လင့်ချက်ကြီးစွာထား၍ လာခဲ့သည်မို့ မေသန်းကို နွားခြံထဲတွင် တွေ့လိုက်ရတော့ ပြေ ဣန္ဒြေမဆည်နိုင်တော့ပါ။

မေသန်းရှိရာ အားသွန်ပြေးပြီး မေသန်းကို တအားဖက်၍ ငိုမိ တော့သည်။

" ဟယ်...ပြေ...ပြေ၊ မင်းဘယ်လိုဖြစ်လာတာလဲ ပြေ"

ရင်တုန်ပန်းတုန်ဖြင့် မေသန်းသည် ပြေ့ကို ပြန်ဖက်ကာ မေးလိုက် သည်။

ပြေမှာ ရင်တွင် ဆို့လွန်းနေသဖြင့် မေသန်းကို ရုတ်တရက် ပြန်မဖြေ နိုင်ပဲရှိနေသည်။

" ပြေရယ် ရင်တုန်လိုက်တာ ဘာတွေဖြစ်လာတာလဲဟင်၊ မေသန်း ကို ပြောပါဦး သူငယ်ချင်းရယ်"

" ပြေ.....ပြေလေ....ပြေ"

" ပြေ လာ...လာ၊ မင်းစိတ်တွေ သိပ်လှုပ်ရှားလွန်းနေတယ်၊ အိမ်ပေါ် သွားရအောင်နော်"

မေသန်းသည် ပြေ့ကို ဖေးမတွဲကူညီ၍ အိမ်ဆီသို့ခေါ်ခဲ့သည်။

" ထိုင်ပြေ၊ စိတ်အေးအေးထားပြီး ဘာဖြစ်ခဲ့တယ်ဆိုတာ မေသန်းကို ပြောပြ၊ မေသန်း ပြေ့ကို ဘာမဆိုကူညီမယ် ၊ နေဦး နွားနို့ပူပူလေးတစ် ခွက် အရင်သောက်လိုက်ဦး"

မေသန်းက ပွေ့ကိုထားခဲ့ပြီး မီးဖိုဆောင်ထဲ ပြေးဝင်ကာ ပွေ့အတွက် နွားနို့ပူပူလေးတစ်ခွက်ကို ယူဆောင်လာခဲ့သည်။

" ရော့ ....ပြေ ၊ သောက်လိုက်"

ပွေ့လက်ထဲတွင် ဖန်ခွက်ကလေးက လူးနေ၏ ။

မေသန်းကပဲ ဖေးကိုင်ထားပြီး ပွေ့ကိုသောက်စေလိုက်သည်။

နွားနို့ပူပူလေး လည်ချောင်းထဲစီးဝင်ပြီး တစ်ခဏနေတော့ တုန်ယင်နေသော ပြေတစ်ယောက် ငြိမ်သက်စပြုလာ၏ ။

ပြေသည် သူ့ကို စေ့စေ့စပ်စပ်ကြည့်နေသော မေသန်းကို တစ်ချက်ကြည့်ပြီး ခေါင်းကိုငုံ့ပစ်လိုက်သည်။

" ပြေ....ပြေ ဘာဖြစ်လာသလဲဟင် "

" ပြေ ...ပြေ လေးလေးသောင်းကို သတ်ခဲ့ပြီ"

"ဟင်....."

မေသန်း၏ကိုယ်လုံးမှာ ပွေ့စကားကြောင့် တွန့်ခနဲ ဖြစ်သွားရသည်။

" ပြေ....ပြေ မင်းဘာပြောတယ်၊ လေးလေးသောင်းကို သတ်ခဲ့ပြီ ဟုတ်လား"

ပြေ၏ ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်၍လှုပ်ကာ မေသန်းက အထိတ်တလန့်ရှိလှဟန်ဖြင့် မေးလိုက်သည်။

" ဟုတ် ....ဟုတ်တယ် မေသန်း၊ သူ.....သူ ပွေ့ကို ပွေ့ကို အဟင့်....ဟင်း....ဟင့်"

ပြေ ဆက်မပြောနိုင်တော့ဘဲ ဝမ်းနည်းစိတ် ပြင်းထန်လာကာ ငိုရှိုက်နေပြန်တော့သည်။

“ တောက်…..ဒီလူယုတ်မာကြီး ပြေ့ကို စော်ကားလိုက်ပြီဟုတ်လား၊ ပြေ……ပြေ သူ့အစော်ကားကို ခံလိုက်ရပြီ ဟုတ်လား၊ ရင်နာလိုက်တာ ပြေရယ် ၊ ဒီလိုဖြစ်မှာစိုးလို့ ပြေ့ကို သတိနဲ့နေလို့ မေသန်း အတန်တန် ပြောခဲ့တာပေါ့၊ ခုတော့ ကောင်းကြသေးရဲ့လား”

မေသန်းသည် စိတ်မထိန်းနိုင်တော့ဘဲ ငိုချလိုက်တော့သည်။

“ အို…မ…မဟုတ်ဘူး၊ မဟုတ်ဘူး၊ ပြေ…ပြေ လက်ဦးသွားလို့ သူ….သူ စော်ကားတာ ပြေ…ပြေ မခံလိုက်ရပါဘူး၊ သူ…သူ့ကို ပြေ သနပ်ခါးလိမ်းတဲ့ ရေပုလင်းနဲ့ ရိုက်လိုက်လို့ သူ ခေါင်းကွဲပြီး သေ ကျန်ရစ်ခဲ့တယ် မေသန်းရဲ့”

“ သေပါစေ သေပါစေ ဆယ်ခါပြန် သေစမ်းပါစေ၊ ဒီလိုလူယုတ်မာ မျိုး သေတာပဲ ကောင်းတယ်၊ မင်း ဝမ်းနည်းမနေနဲ့ ဥပဒေကို ရဲရဲကြီး ရင်ဆိုင်လိုက်စမ်း ပြေ”

“ ပြေ ကြောက်တယ်၊ ပြေ ကြောက်တယ်၊ ပြေ့ကို ကယ်ပါဦး မေ သန်းရယ်၊ ပြေလေ ဒေါ်လေးနုကိုလည်း သိပ်သနားတယ်၊ ဒေါ်လေးနု တော့ ဒုက္ခရောက်တော့မှာပဲ၊ ပြေ ဘာလုပ်ရမလဲ”

“ နေပါဦး ပြေရယ်၊ စိတ်အေးအေးထားပါဦး၊ သူတကယ် သေသွား တာမှ ဟုတ်ရဲ့လား”

“သေမှာပါ၊ မလှုပ်တော့ဘူး၊ ခေါင်းက သွေးတွေလည်း တအားထွက် နေတယ်”

“သေချင်မှလည်း သေမှာပါ၊ ဒီတော့ အကျိုးအကြောင်း မသိရသေး ခင် မင်း တစ်ခုလုပ်ကွာ”

“ ပြေ ဘာလုပ်ရမလဲဟင်”

“လုံခြုံတဲ့ တစ်နေရာရာမှာ မင်း သွားနေ၊ ဒီမှာ မင်းကို မထားချင်လို့ မဟုတ်ဘူးနော်၊ မင်း လာစရာအိမ်ဆိုလို့ ဒီအိမ်ပဲရှိတာ၊ ဦးသောင်းမြင့်ရော မင်းအဒေါ် ဒေါ်တင်နုကော သိတယ်”

“ဟုတ်ပါတယ်”

“အဲ့ဒီတော့ မေသန်းတို့ လမ်းကလေးအဆုံးနားမှာ ခြံကြီးတစ်ခြံရှိတယ်၊ နာမည်က ကတိုးမြိုင်တဲ့၊ အဲ့ဒီခြံထဲက အဘွားကြီးတစ်ယောက်ကို မေသန်းသိတယ်၊ သူက ညနေတိုင်း မေသန်းဆီက နွားနို့ယူနေကျ ဖောက်သည်လေ၊ သူ ခုတော့ မကျန်းမာလို့ ကူဖော်လောင်ဖက်တစ်ယောက် လိုချင်တယ်လို့ မေသန်းကို ခဏခဏပြောဖူးတယ်၊ အဲ့ဒီတော့ မင်းက ကတိုးမြိုင်မှာ သွားနေလိုက် ပေါ့၊ မင်းအတွက် ခုအချိန်မှာ အလုံခြုံဆုံးနေရာက ကတိုးမြိုင်ပဲ ပေါ့”

“ဖြစ်.....ဖြစ်ပါ့မလား မေသန်းရယ်”

“ဘာဖြစ်လို့ မဖြစ်ရမှာလဲ၊ မင်းက အိမ်မှုကိစ္စနိုင်နင်းပြီး အချက်အပြုတ်ကျွမ်းကျင်တဲ့ မိန်းကလေးပဲ၊ မင်း အဲ့ဒီမှာ အဆင်ပြေမှာပါ၊ မင်းတို့အိမ်က အကျိုးအကြောင်းတွေ မင်းဆီကို မေသန်း သတင်းပို့ပေးမယ်၊ စိတ်ချနေ”

“မေသန်းရယ် ပွေ့မှာလည်း ဘာမှမပါလာဘူး ၊ ပိုက်ဆံအိတ်တောင် မနက်ကဈေးသွားပြီး အိပ်ယာပေါ်တင်ထားမိလို့ ဆွဲပြေးလာနိုင်ခဲ့တာ”

“မင်း ဘာမှစိတ်မပူနဲ့ ပေါ့၊ မင်းအတွက် ကိုယ်အားလုံး စီစဉ်ပေးလိုက်မယ်၊ မင်းကို မေမေတို့ပြန်မလာခင် ကတိုးမြိုင်ကို ပို့ပေးမှဖြစ်မှာ”

ပြောပြောဆိုဆို မေသန်းသည် သူ့အဝတ်အစားဗီရိုထဲမှ ပွေ့အတွက်

အင်္ကျီသုံးထည်၊ ထဘီသုံးထည်နှင့် အမျိုးသမီးတစ်ဦးအတွက် လိုအပ်သောအသုံးအဆောင်များကို အပြေးအလွှားထုတ်ယူကာ လက်ဆွဲအိတ်တစ်ခုထဲသို့ ထည့်သွင်းပေးနေ၏။

ပြေကတော့ မေသန်းလုပ်သမျှကို အငေးသားပင် ကြည့်နေ၏ ။

"ရော့......ပြေ၊ မင်းအတွက် သနပ်ခါးတုံးနဲ့ ဘီးပါးမကျန်ရအောင် မေသန်း ထည့်ပေးလိုက်တယ်"

"ကျေးဇူးတင်ပါတယ် မေသန်းရယ်"

"နေဦး၊ ဟောဒီမှာ ငွေတစ်ရာ၊ မင်းအတွက် လိုလိုမယ်မယ် ထည့်သွား"

"ဟင့်အင်း အဲ့ဒီငွေတစ်ရာတော့ ပြေ မယူတော့ဘူး၊ ပြွေ့မှာလည်း နှစ်ရာနှစ်ပါးရှိပါတယ်၊ ပြေလည်း ဘယ်ကိုမှ ထွက်မှာမှမဟုတ်တော့ ဒီငွေတွေ သုံးစရာမှ မလိုတာပဲ၊ မေသန်းပဲ သိမ်းထားလိုက်ပါ"

ပြေက ငွေတစ်ရာကို အတင်းပြန်ပေးလိုက်သည်။

"ဒါဆိုလည်း ပြွေ့အတွက် လိုမယ်ထင်တာ နောက်တော့ မေသန်း ဝယ်ပို့ပေးမယ်၊ ကဲ လာ ပြေ သွားကြစို့......"

မေသန်းက စိတ်မြန်လက်မြန်ရှိသူပီပီ ပြွေ့လက်ကို ဆွဲလိုက်သည်။

"မေသန်း၊ မင်းအိမ်ကို ဒီလိုပဲပစ်ခဲ့မှာလား"

"ရတယ်၊ မပူနဲ့ မေသန်း အခုပဲ ပြန်လာမယ့်ဥစ္စာ၊ ခြံတံခါး ပိတ်ခဲ့ရင် ပြီးတာပဲ"

*

# အခန်း (၂)

"မေသန်း"

"ဘာလဲ ပြေ"

"အဲ့ဒီ ကတိုးမြိုင်ကအလုပ် ပြေမရရင်တော့ ဒုက္ခပဲနော်"

"ဘာဖြစ်လို့ မရရမှာလဲ၊ မနေ့တစ်နေ့တုန်းကပဲ အဲ့ဒီမှာနေတဲ့ ကြီးကြီးညိုဆိုတဲ့ အဒေါ်ကြီးက လူအရေးတကြီးလိုနေတဲ့အကြောင်း ရှာပေးဖို့အကြောင်း မေသန်းကိုပြောသွားတာ၊ စိတ်အေးအေးထားစမ်းပါ ပြေရဲ့၊ ကြည့်စမ်းပါဦး လက်ဖျားတွေကို အေးစက်နေတာပဲ"

အေးစက်စက်နိုင်လွန်းနေသော ပြေ့လက်ကလေးကို အားပေးသလို ဆုပ်ကိုင်ထားရင်း မေသန်းက ပြောလိုက်၏။

နှစ်ဦးသား မပြေးရုံတမယ် အားသွန်၍ လျှောက်လာခဲ့ကြသဖြင့် ကတိုးမြိုင်သို့ လျင်မြန်စွာ ရောက်ရှိလာခဲ့ကြသည်။

"အင်း ကြီးကြီးညိုက မေသန်းကို မှာထားတယ်၊ သူ့ကိုတွေ့ချင်ရင် အိမ်နောက်ဖေး မီးဖိုဆောင်ဆီကို တန်းလာခဲ့တဲ့၊ သူ မီးဖိုထဲမှာ မနက်ခင်း တစ်ခင်းလုံးလိုလို ရှိနေတတ်တယ်တဲ့၊ အိမ်ရှေ့တံခါးပေါက်ကို လုံးဝမကပ်ပါနဲ့တဲ့၊ ကဲ....အဲ့ဒီတော့ နောက်ဖေးမီးဖိုဆောင်ဆိုတာကို သွားရှာကြမယ်၊ လာ ပြေ"

ပြေက သစ်ပင်ကြီးတွေနှင့် အုံ့ဆိုင်းနေသော ကတိုးမြိုင်ခြံကြီးထဲ မ

ဝင်ဝံ့သည့်နှယ် ပြေ တွန့်၍နေ၏ ။

"အို ပြေကလည်း ဘာတွန့်ဆုတ်တွန့်ဆုတ် လုပ်နေတာလဲ၊ အချိန်မရှိဘူး၊ ကြီးကြီးညိုနဲ့ အမြန်တွေ့မှဖြစ်မှာ"

မေသန်း ဆွဲခေါ်ရာနောက်သို့ ကြောက်ကြောက်ရွံ့ရွံ့နှင့် ပြေ ပါခဲ့ရပါသည်။

ရှင်းလင်းခြင်းလုံးဝမပြုဘဲ နှစ်ပေါင်းများစွာ ဥပေက္ခာပြုထားဟန်တူသော ကတိုးမြိုင်ခြံကြီးသည် ချုံနွယ်ပိတ်ပေါင်းတွေနှင့် ရှုပ်ယှက်ခတ်၍နေ၏ ။

ဂိတ်ဝမှ အတွင်းဘက်ဆီသို့ ဖောက်လုပ်ထားသော ကျောက်စရစ်ခင်း လမ်းကလေးပေါ်သို့ပင် ချုံနွယ်တွေက ကျူးကျော်နေသည်။

အတွင်းဘက်တွင် ကျလွန်းနေသည့် ကတိုးမြိုင်အိမ်ကြီးဆီသို့ ပြေနှင့် မေသန်းတို့ အတော်လျှောက်ဝင်ခဲ့ရသည်။

အိုမင်းဟောင်းနွမ်းနေသော ရှေးအိမ်ကြီးတစ်ဆောင်ကို တွေ့မြင်လိုက်ရတော့ ရှိုက်ပင့်ထားသော သက်မကို ပြေက ချလိုက်သည်။

"လာ ပြေ မီးဖိုဆောင်ဆိုတာကတော့ အနောက်ဘက်မှာပဲ ရှိမှာပဲ"

ပြေ့လက်ကိုဆွဲပြီး အိမ်ကြီးကိုပတ်၍ မေသန်းက ခေါ်ခဲ့သည်။

မကြာမီ အိမ်ကြီးနှင့် စင်္ကြံနှင့်ဆက်ထားသော မီးဖိုဆောင်ဆီသို့ ပြေတို့ ရောက်ခဲ့ကြသည်။

အခန့်သင့်ပါပဲ၊ မီးဖိုဆောင်ထဲတွင် တကုပ်ကုပ် အလုပ်လုပ်နေသော မေသန်း၏ နွားနို့ဖောက်သည် ဒေါ်ညိုကို တွေ့လိုက်ရသည်။

"ကြီးညို.....ကြီးညို"

မေသန်းက သံဇကာကွက်တွေနား အသာကပ်၍ ဒေါ်ညိုကို ခေါ်လိုက်သည်။

"ဟဲ့....ဘယ်သူလဲ"

မွဲနေဟန်တူသော မျက်လုံးတွေကို လက်ကလေး အသာစောင်းအုပ်ပြီး ဒေါ်ညိုသည် အသံလာရာဆီသို့ ကျန်လက်တစ်ဖက်ကို ခါးတွင်ဖိအုပ်ကာ ချဉ်းကပ်လာသည်။

"ကြီးညို နွားနို့ရောင်းတဲ့ မေသန်းပါ"

"ဟယ်...မေသန်း၊ ကြီးညိုအတွက် လူရခဲ့ပြီလား"

အလွန်ဝမ်းသာသွားသောဟန်ဖြင့် ဒေါ်ညိုသည် မေသန်းနံဘေးတွင် ကပ်ရပ်နေသော ပြေ့ကို ကြည့်ကာ မေးလိုက်သည်။

"ဟုတ်တယ် ကြီးညို၊ မေသန်းသူငယ်ချင်း မပြေတဲ့ အလုပ်လိုချင်လို့ ရောက်လာတာနဲ့ တစ်ခါတည်းပဲ ခေါ်လာခဲ့တယ်လေ"

"အမယ်လေး.......ဝမ်းသာလိုက်တာ မယ်မင်းကြီးမရယ် ၊ ကျေးဇူးကြီးတင်လို့လည်း မဆုံးပါဘူး၊ ကြီးညိုမှာ ခါးကလည်း တအားနာ၊ မျက်စိတွေကလည်း တစ်နေ့တစ်ခြား မှုန်ဝေလာလို့ ကူဖော်လောင်ဖက်လိုနေတာ ကြာပြီကွဲ့၊ ဘာတဲ့ သူ့နာမည်လေးက"

"ပြေပါ ကြီးညို ၊ ပြေလို့ ခေါ်ပါတယ်"

"ကဲ ပြေရေ ၊ အလုပ်စကားပြောရအောင် ၊ လခအနေနဲ့ကတော့ တစ်လ နှစ်ရာပေးမယ် ၊ မနက်ည ထမင်းကျွေးမယ် ၊ အဝတ်အစား ဆင်မယ် ၊ ကျန်းမာရေးတာဝန်ယူတယ် ၊ ပြေလက်ခံနိုင်တယ် ၊ မခံနိုင်ဘူး၊ တစ်ထိုင်တည်းပဲ ပြောပေတော့"

“ပြေ….ပြေ လက်ခံနိုင်ပါတယ် ကြီးညို”

“ဟန်ကျလိုက်တာ၊ လုပ်ရမှာကတော့ မီးဖိုဆောင်ကိစ္စပါပဲ၊ အိမ်ကြီးထဲက တာဝန်ကတော့ ကြီးညိုပဲ ဆောင်ရွက်မယ်”

“ဟုတ်ကဲ့ ကြီးညို”

“ကဲ…ပြေ၊ အဆင်ပြေသွားပြီဆိုရင် မေသန်းသွားတော့မယ်၊ အိမ်ကိုလည်း ပစ်လာခဲ့ရတာ”

“ကျေးဇူးတင်ပါတယ် မေသန်း”

“ရပါတယ်ကွာ၊ ကဲ ပြေ ပြန်မယ် ကြီးညို”

“အေးကွယ်၊ မေသန်းကို ကြီးညို သိပ်ကျေးဇူးတင်တယ်”

မေသန်းသည် အချစ်ဆုံးသူငယ်ချင်းမလေးအတွက် အစစအရာရာ အဆင်ပြေစွာ ဆောင်ရွက်ပေးနိုင်ခဲ့သည်မို့ ဝမ်းသာကြည်နူးစွာ ကတိုးမြိုင်ခြံကြီးထဲမှ ပြန်ထွက်ခဲ့သည်။

*

# အခန်း(၃)

"ပြေ"

"ရှင် ကြီးညို"

"ပြေ ဒါ ပြေ့အတွက်အခန်း၊ ပြေ ရှင်းလိုက်နော်"

"ဟုတ်ကဲ့"

မီးဖိုဆောင်နှင့် တွဲလျက်ရှိသော စတိုခန်းကို ဒေါ်ညိုက ပြေ့အတွက် ပေးလိုက်သည်။

"အတွင်းထဲရှိတဲ့ ပစ္စည်းတွေကတော့ အိမ်နောက်ဖေးက မန်ကျည်းပင်ကြီးအောက်သာ စုပုံထားလိုက်တော့ ပြေရေ၊ ဘာမှလည်း အသုံးချလို့ရတော့တာမှ မဟုတ်တာပဲ"

"ဟုတ်ကဲ့ ကြီးညို"

"လုပ်ငန်းတွေ မစခင် ပြေ့ကိုပြောစရာရှိတာ ပြောထားရဦးမယ်၊ သေသေချာချာ နားထောင်ပြီး မှတ်ထားနော် ပြေ"

"ဟုတ်ကဲ့ပါ ကြီးကြီးညို"

"ဒီမီးဖိုဆောင်နဲ့ ဒီအိမ်နောက်ဖေးကလွဲလို့ ပြေ ဘယ်မှမသွားရဘူး နော်၊ အိမ်ရှေ့ကိုဆိုရင် ယောင်လို့တောင် မထွက်ပါနဲ့ ပြေ"

"ဘာဖြစ်လို့ပါလိမ့်"

ဒေါ်ညို၏စကားများကို နားထောင်ရင်း ဘာကြောင့်မှန်းမသိ ပြေ့ရင်တွေ တဒိန်းဒိန်း ခုန်လာသည်။

“ဒီကတိုးမြိုင်အိမ်ကြီးနဲ့ ခြံကြီးထဲမှာ အိမ်သားဆိုလို့ ကြီးညိုနဲ့ ကိုခန့်ဦးပဲရှိတယ်၊ ကိုခန့်နဲ့ ပြေ မဆုံမိအောင် ကြပ်ကြပ် သတိဝီရိယနဲ့နေပါ၊ ကိုခန့်ကတော့ မီးဖိုဆောင်နဲ့ အိမ်နောက်ဖေးဘက်ကို အလာနည်းတယ်၊ ဒါကြောင့် ပြေ့ကို ဒီစတိုခန်းမှာ ကြီးညိုက ထားတာ”

“ဟုတ်....ဟုတ်ကဲ့”

“ကတိုးမြိုင်ကို ပိုင်ဆိုင်တဲ့လူက ကိုခန့်ပဲ၊ တို့ကတော့ ကိုခန့်ရဲ့ ငယ်ကျွန်ကြီးပဲအေ၊ တို့လက် တို့ခြေနဲ့ နေခဲ့တယ်ဆိုပေမယ့် ကိုခန့် မကြိုက်တာမှန်သမျှကိုတော့ တို့ ကြပ်ကြပ်ရှောင်တယ်၊ ကိုခန့်က မိန်းမဆိုရင်သိပ်မုန်းတယ်၊ တစ်ကမ္ဘာလုံးမှာ သူ ကြည့်လို့ရတာ သူ့မွေးသမိခင်နဲ့ ကြီးညိုပဲရှိတယ် ခု သူ့မိခင်က ဆုံးသွားပြီဆိုတော့ ကြီးညိုပဲ ရှိတော့တာပေါ့၊ ကြီးညို သူနဲ့ ပြဿနာမဖြစ်ချင်ဘူး၊ သူနဲ့မဆုံမိအောင် ကြပ်ကြပ်ရှောင်ပါနော် မိန်းကလေး”

“ဟုတ်....ဟုတ်ကဲ့”

“အင်း ခက်တယ် ၊ အသက်အရွယ်က ထောက်လာတော့ စိတ်သွားတိုင်း ကိုယ်မပါတော့ဘူး ၊ အရင်ကလိုလည်း လုပ်နိုင်ကိုင်နိုင်ရည် မရှိတော့ဘူး ၊ ဒါကို ကိုခန့်က မသိကျိုးကျွံပြုနေတော့ ကြီးညိုမှာ ကိုယ့်အစီအစဉ်နဲ့ ကိုယ်မသိအောင် လူငှားရတော့တာပေါ့ ၊ ကဲ....ကဲ အခန်းကို ရှင်းတော့ပြေ”

“ဟုတ်ကဲ့”

ပြေသည် သူ့အတွက် သတ်မှတ်ပေးလိုက်သောအခန်းကို စတင်၍

ရှင်းပါတော့သည်။

အလုပ်လုပ်ရင်း သူ့ဦးနှောက်ထဲကို မနက်က ဖြစ်ပျက်ခဲ့သော အကြောင်းအရာများကသာ ဝင်လာနေ၏။ ကတိုးမြိုင်အကြောင်းနှင့် ကတိုးမြိုင်က ကိုခန့်ဆိုသည့် မိန်းမမုန်းသမားကြီးအကြောင်း ပြေ လုံးဝ စိတ်ဝင်စားခြင်း မရှိခဲ့မိပါ။ ပြေ့အတွက် ကတိုးမြိုင်သည် အခိုက်အတန့် နားခိုရာ လုံခြုံသော နေရာတစ်ခုအဖြစ်သာ ပြေ ခံယူထားလိုက်မိသည်။

“ရော့.....ပြေ ခြင်ထောင်၊ ခေါင်းအုံးနဲ့စောင်တွေ၊ ဒါက နှိုးစက်နာရီ၊ မနက်ကို လေးနာရီ ထပြီး ဆွမ်းချက်ရမယ်”

“ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ကြီးညို”

ပြေက ဒေါ်ညို၏လက်ထဲက ခြင်ထောင် ခေါင်းအုံးများကို လက်ပြောင်းယူလိုက်သည်။

“ပြေ့ကိုတော့ ကြီးညို ကြိုက်သွားပြီ၊ အလုပ်လုပ်တာ သွက်လက်ချက်ချာတယ်၊ သေသပ်ကျနမှုရှိတယ်၊ ကြည့်စမ်းပါဦး စတိုခန်းလေးကို ရှင်းသွားတာပဲ”

သူ့ကို ချီးကျူးနေခြင်းကို ပြေက ပြုံးပြုံးကလေး ခံယူနေ၏။

“ကဲ..အိပ်ရာခြင်းထောင် ပြင်ဆင်ပြီးရင် မီးဖိုထဲလာခဲ့ ပြေ ၊ ပြေ့ကို ပြောပြစရာတွေ ရှိသေးတယ်”

“ဟုတ်ကဲ့ ကြီးညို ၊ ပြေ ခုပဲလာခဲ့ပါ့မယ်”

ပြေသည် သူ့အိပ်ရာကို လျင်မြန်စွာ ပြင်ဆင်ပြီး မီးဖိုဆောင်ဆီသို့ ကူးခဲ့သည်။

မီးဖိုဆောင်သည် ပြေ အံ့သြလောက်အောင်ပင် သန့်ရှင်းသပ်ရပ်လှပ

နေသည်ကို တွေ့ရ၏ ။

အဖိုးတန် အိုးခွက်ပန်းကန်နှင့် အသုံးအဆောင်ပစ္စည်းများသည် ပြောင်လက်၍နေကြပေ၏။

"လာပြေ၊ ကြီးညိုတို့ရဲ့ ကတိုးမြိုင်နဲ့ အိမ်ကြီးက အပြင်ပန်းအားဖြင့် အမြင်စုတ်ပေမယ့် အတွင်းမှာတော့ အဖိုးတန်ပစ္စည်းတွေ အသုံးအဆောင်တွေနဲ့ကွဲ့၊ အိမ်က ကိုခန့်ကလေ ဘာမဆို လုပ်ကိုင်တဲ့ အလုပ်ကြိုက်သမားကြီးလေ၊ မျက်စိမမြင်ရတဲ့ ဒုက္ခိတဖြစ်နေတာတောင် အင်မတန် ဇီဇာကြောင်ချင်တဲ့ကောင်အေ့"

"ရှင်...."

သူ့ရဲ့အိမ်ကြီးရှင်က မျက်မမြင် ဒုက္ခိတဆိုလာတော့ ပြေ အံ့သြသွားမိသည်။

သို့သော် ပြေက ဘာကြောင့်လဲ၊ ဘာဖြစ်လို့လဲဟု တစ်ခွန်းမျှမဟ မမေးဘဲ ဆိတ်ဆိတ်သာ ဒေါ်ညိုကို ကြည့်နေ၏ ။

"ကိုခန့်က ထမင်းဟင်းဆိုလည်း နည်းနည်းနဲ့ အရသာရှိရှိပဲ စားတတ်တယ်၊ အဲ အရည်ဟင်းတစ်ခွက်ကတော့ အမြဲပါရတယ် ပြေ၊ ကြားလား"

"ဟုတ်ကဲ့ပါ ကြီးညို"

"ပြေ ဈေးတွေဘာတွေကော ဝယ်တတ်သလား"

ပြေ့ကိုယ့်လုံးကလေး တွန့်ခနဲ ဖြစ်သွားသည်။

"ပြေ ပြေ ဈေးတော့ မဝယ်တတ်ပါဘူး ကြီးညို"

ပြေ့ တစ်သက်နှင့်တစ်ကိုယ် မလိမ်မညာစဘူး ပြေ လိမ်ညာလိုက်ရ

သည်။

"အေးလေ မိန်းကလေး အရွယ်ကောင်းကလေးကို အပြင်လွှတ်ရတာလည်း မကောင်းပါဘူး၊ ဒီတော့အေ ဈေးဝယ်ခြမ်းတဲ့အလုပ်ကိုတော့ ကြီးညိုပဲ လုပ်မယ်၊ ညည်းက မီးဖိုဆောင်ကိုပဲ နိုင်နိုင်နင်းနင်းလုပ်၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့ စိတ်ချပါ ကြီးညို ၊ မီးဖိုဆောင်ကိစ္စနှင့် လျှော်တာဖွပ်တာ ပြေ ကောင်းကောင်းလုပ်နိုင်ပါတယ်"

"အဲ ဟုတ်သားပဲ လျှော်ဖွပ်တဲ့ကိစ္စကိုမေ့နေမိတယ်၊ ခုတလော ခါးတွေကသိပ်နာနေတော့ ကိုခန့်အဝတ်တွေ မနဲကြီးလျှော်နေရတာ ဟန်ကျတာပဲအေ ညည်းရောက်လာတာ"

"ဘာတွေကျန်သေးလဲ ၊ ကျန်တာ ပြေ ဆက်လုပ်လိုက်မယ်လေ ၊ ကြီးညို ခဏနားလိုက်ပါလား"

"ကြက်ဆီပြန်လေးတစ်ခွက်နဲ့ ကင်မွန်းရွက်ဟင်းချိုကလေးပဲ ကျန်တယ် ၊ ပြေ ချက်မယ်ဆိုလည်း ဆက်ချက်လိုက်တော့"

"ဟုတ်ကဲ့"

ပြေသည် နန္ဒင်းဆားများ နယ်ထားပြီးသော အသားအခြေအနေကို ကြည့်ပြီး အနှစ်တစ်ဆုံကို ထောင်းယူလိုက်သည်။

ကြက်သားအိုး လုံးထားတုန်း ကင်းမွန်းရွက်ကလေးတွေကို သင်ထားလိုက်သည်။

ဟင်းရွက်တောင်းထဲတွင် ပဲတောင့်ရှည်နည်းနည်း၊ မုံလာဥနီ သုံးလေးဥနှင့် မုန်ညင်းစိမ်းတစ်စည်းကို တွေ့ရသဖြင့် အနွှမ်းအပဲ့များဖယ်ပြီး အစိမ်းကြော်ကလေးတစ်ခွက် ကိုယ့်သဘောနှင့်ကိုယ် ကြော်ဖို့

စိတ်ကူးလိုက်သည်။

ပြေ လုပ်ကိုင်ပုံကို ခေတ္တမျှကြည့်ပြီးနောက် စိတ်ချလက်ချ ရှိသွားဟန်ဖြင့် မီးဖိုဆောင်ထဲမှ ဒေါ်ညို ထွက်ခွာသွားတော့သည်။

ပြေသည် မီးဆက်မပြတ်အောင် တစ်အိုးပြီးတစ်အိုး တယ်လိုက်သဖြင့် ဆယ့်တစ်နာရီခွဲတွင် ဟင်းလျာများ ကျက်ကုန်ကြတော့သည်။

"ပြေရေ ပြီးပြီလားဟေ့"

"ဟုတ်ကဲ့ အသင့်ပါပဲ ကြီးညို"

"ဟင်းပွဲ ပြင်လိုက်တော့ ပြေ ၊ ကိုခန့်က ဆယ့်နှစ်နာရီဆိုရင် ရေမိုးချိုးပြီးတာနဲ့ ထမင်းစားနေကျကွဲ့"

"ဟုတ်ကဲ့"

ပြေလည်း ဟင်းခွက်များ လှပစွာပြင်ပြီး လင်ပန်းထဲတွင် အစီအရီ ထည့်ပေးထားလိုက်သည်။

"အင်း......သက်သာလိုက်တာကွယ် ၊ နို့မဟုတ်ရင် ဘာမဆို ကိုယ့်ဘာသာကိုယ် လုပ်နိုင်မှ"

ဒေါ်ညိုသည် လင်ပန်းကိုမရင်း ပြောလိုက်သည်။

"အင်း....ဒုက္ခ....ဒုက္ခ၊ ခါးကလည်း တစ်နေ့တစ်ခြား ဆိုးရွားလာပါလား၊ နာလိုက်တာ"

"ကြီးညို ဟိုထမင်းစားခန်းအဝကနေ စောင့်နေပါလား ၊ ပြေ လာပို့ပေးမယ်လေ ၊ ကြီးညို သက်သာတာပေါ့"

"ခြေသံလုံပါစေနော် နည်းနည်းကလေးမှ အသံမလုပ်နဲ့ ကြားလား ပြေ၊ ကိုခန့်က နားသိပ်ပါးတယ်"

"ဟုတ်....ဟုတ်ကဲ့"

ပြေသည် ဟင်းလျာများ ထည့်ထားသောလင်ပန်းကို အသာမ,ပြီး ဖိနပ်ကိုချွတ်၍ ခြေသံလုံလုံကလေးဖြင့် ဒေါ်ညိုရပ်နေသော နေရာဆီသို့ သွားကာ ပေးလိုက်သည်။

ဒေါ်ညိုက လင်ပန်းကိုယူပြီး မျက်ရိပ်ပြလိုက်သဖြင့် ပြေလည်း ခပ်သုတ်သုတ်လျှောက်ကာ မီးဖိုဆောင်ထဲသို့ ပြန်ဝင်နေလိုက်သည်။

"အင်း...ကြီးညိုခများလည်း ဒုက္ခပဲ၊ ဒီ ကိုခန့်ဆိုတဲ့ လူကြီးကို တော်တော်ကြောက်ရပုံရတယ်၊ ငါ့အတွက်တော့ကောင်းတယ် ဘယ်သူနဲ့မှ မတွေ့ရလေလေ ကောင်းလေလေပဲ ၊ အင်း ခုချိန်ဆို ဒေါ်လေးနုဆိုင်သိမ်းပြီ၊ ငါသွားမကြိုလို့ ဘာတွေဖြစ်နေပြီလဲ မသိဘူး၊ ဒါမှမဟုတ် လေးလေးသောင်း သေလို့ပဲ အိမ်မှာခေါင်းမီးတောက်နေလေပြီလား"

စဉ်းစားရင်း ပြေ့တစ်ကိုယ်လုံး ကြက်သီးများ ဖြန်းခနဲ ထသွားသည်။

"ဘုရား....ဘုရား လေးလေးသောင်း မသေပါစေနဲ့"

တအားတုန်ယင်နေသော ရင်ဝကလေးကို လက်ဖြင့်ဖိ၍ မျက်စိကိုစုံမှိတ်ကာ ပြေတစ်ယောက် ဆုတောင်းနေရှာသည်။

*